British Embassy
Rangoon

**သတင်းထုတ်ပြန်ချက်။ ၂၀၁၄ ခုနှစ် ဇွန်လ ၁၀ ရက် (အင်္ဂါနေ့ )**

ယနေ့သည် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အဆုံးသတ်ရေး နိုင်ငံတကာ ထိပ်သီးညီလာခံ စတင် သည့်နေ့ ဖြစ်ပါသည်။ ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး၏ အထူး သံတမန် အန်ဂျလီနာဂျိုလီတို့က အဆိုပါ ထိပ်သီးညီလာခံကို ဇွန်လ ၁၀ ရက်မှ ၁၃ ရက်နေ့အထိ လန်ဒန်မြို့တွင် ပူးတွဲ ကမကထပြုသွားကြပါလိမ့်မည်။ ဤအရေးကိစ္စနှင့် ပတ်သက်သော နိုင်ငံတကာ အစည်းအဝေး ကျင်းပခဲ့ဖူးသမျှ တွင် ယခု ထိပ်သီးညီလာခံသည် အကြီးဆုံးဖြစ်ပါသည်။

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အဆုံးသတ်ရေး ကုလသမဂ္ဂကြေညာစာတမ်းအား မြန်မာအစိုးရက သဘောတူလက်ခံခြင်းအား ကြိုဆိုအပ်ပါသည်။ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဦးသန့်ကျော်က အစိုးရကိုယ်စားလှယ် အဖွဲ့ကို ခေါင်းဆောင်မည်ဖြစ်ကာ အရပ်ဘက် လူ့ဘောင်မှ မြန်မာနိုင်ငံသားကိုယ်စားလှယ်များ၊ ဘာသာရေး ခေါင်းဆောင် များလည်း တက်ရောက်ကြပါလိမ့်မည်။

ကမ္ဘာတစ်လွှားမှ နိုင်ငံအများအပြားတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရှိနေပါသည်။ အမျိုးသမီး အရေအတွက် အများအပြားကိုသာမက အမျိုးသားများ၊ ကလေးသူငယ်များကိုပါ အဆိုပါ အကြမ်းဖက်မှုက ရိုက်ခတ် လျက် ရှိပါသည်။ အဆိုပါ အတွေ့အကြုံကို ခံစားခဲ့ရသူများအတွက် ကိုယ်ရောစိတ်ပါ အပြင်းအထန် ဒဏ်ရာရခဲ့ကြစေသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပေါ်တွင် လူမျိုးစုကွဲပြားခြားနားမှု၊ ဘာသာရေး ဂိုဏ်းဂဏ ကွဲပြားခြားနားမှု၊ အခြား ကွဲပြားခြားနားမှုများပါ ထပ်ဆောင်းလိုက်သောအခါ ပဋိပက္ခများ၊ မတည်ငြိမ်မှုများကိုပါ တိုးပွား အမြစ်တွယ်လာစေပါ တော့သည်။

အဆိုပါ အတွေ့အကြုံကို ခံစားခဲ့ရသည့် အမျိုးသမီးများအတွက် တရားမျှတမှု ရရှိနိုင်ရေးကို မြန်မာနိုင်ငံတွင် တိုးပွားလာစေရုံမျှမကဘဲ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုလုပ်ရပ်များကို ကာကွယ်တားဆီးရေး၊ တုံ့ပြန်ဆောင်ရွက်ရေး ယန္တရားများ ပေါ်ပေါက်လာအောင် ဆောင်ရွက်သည့် Action Aid Myanmar ၏ စီမံကိန်း တစ်ခုမှတစ်ဆင့် ဘဏ္ဍာငွေ ထောက်ပံ့ပေးလျက်ရှိသည်ကို ဗြိတိသျှသံရုံးက ဂုဏ်ယူမိပါသည်။ အဆိုပါ စီမံကိန်းမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် လက်ခံဖွယ်ရာ မဟုတ်ကြောင်း လူထု နားလည် သဘောပေါက်လာစေရေး အတွက်လည်းကောင်း၊ လူထု၏တရားဝင် အခွင့်အရေးများ၊ ဝန်ဆောင်မှုကို မည်သို့မည်ပုံရယူနိုင်ကြောင်းများကို လူထုကိုအသိပေးရာတွင်လည်းကောင်း ပံ့ပိုးပေးလျက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေး တိုင်းဒေသကြီးမှ မိတ္ထီလာမြို့၊ ဧရာဝတီတိုင်း ဒေသကြီးရှိ ဖျာပုံမြို့တို့မှ အမျိုးသမီးများ၊ မိန်းကလေးငယ်များ အကျိုးများ အောင် ဆောင်ရွက်လျက်ရှိပါသည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ကျား-မ ခွဲခြားဆက်ဆံမှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ စံညွှန်းအတိုင်း ထိန်းသိမ်းလိုက်နာမှုများရှိစေရန် နိုင်ငံတော်မဟုတ်သော လက်နက်ကိုင်ဆောင်နေကြသူများ (လူနည်းစုတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ)နှင့် တွဲဖက်လုပ်ကိုင်သော Geneva Call ဆိုသည့် အဖွဲ့၏ လုပ်ငန်းကို ဘဏ္ဍာငွေ ထောက်ပံ့ပေးလျက်ရှိသည်ကိုလည်း ကျွန်ုပ်တို့ ဂုဏ်ယူပါသည်။

နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် အဓမ္မပြုကျင့်မှုများကို ကိုင်တွယ်ဖြေရှင်းနေသော ထိုင်းနိုင်ငံမှ မြန်မာ ဒုက္ခသည်စခန်းများသို့ ဥပဒေရေးရာပံ့ပိုးမှု ပေးအပ်ရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ကချင်ပြည်နယ်ရှိ စခန်း များ၌ စိတ်ဒဏ်ရာ ပြုစုစောင့်ရှောက်မှုများ ပြုလုပ်နေရာတွင်လည်းကောင်း ဗြိတန်နိုင်ငံက ထောက်ခံ ပံ့ပိုးပေးလျက် ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းတွင်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများ အားကောင်းလာစေရန် ထိုဒေသမှ ကုလသမဂ္ဂအဖွဲ့နှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

အဆိုပါ ထိပ်သီးညီလာခံနှင့်အပြိုင် ဗြိတိသျှသံရုံးကလည်း ဇွန်လ ၁၀ ရက်နေ့၌ ယင်းအတွေ့အကြုံမျိုး ခံစားခဲ့ရသူများကို ဂုဏ်ပြုသည့်အနေဖြင့် လေပူဖောင်းများလွှတ်သည့် လူငယ်အခမ်းအနား၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သံတမန်အသိုင်းအဝိုင်းတို့မှ နည်းပညာ ကျွမ်းကျင်သူများ၏ စကားဝိုင်းအပါဝင် အခမ်းအနား အချို့ကို ရန်ကုန်မြို့တွင် ကျင်းပသွားပါမည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ဤကိစ္စရပ်ကို သိရှိမှု တိုးပွားလာစေရန်နှင့် ပဋိပက္ခတွင် အဓမ္မပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အဆုံးသတ်ရေးအတွက် ဦးတည်သည့် နောက်ကြောင်းပြန်မလှည့်နိုင်သော လှုပ်ရှားမှုတစ်ခုအား နိုင်ငံတကာ အသိုင်းအဝိုင်းက မည်သို့မည်ပုံ ဖန်တီးယူနိုင်မည်ကို ဆက်လက် ဆွေးနွေးသွားရန်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားများနှင့် ပတ်သက်သည့် ဓါတ်ပုံများကို အောက်ပါ လင့်ခ်တွင် ရယူနိုင်ပါသည်။

www.facebook.com/fcoburma

**အခြားအချက်အလက်များ သိရှိလိုပါက**

ဗြိတိသျှသံရုံး ရန်ကုန်
ဖုန်း-၀၁ ၃၇၀၈၆၃၊ ၃၇၀၈၆၄၊ ၃၇၀၈၆၅
၈၀၊ ကမ်းနားလမ်း၊ ရန်ကုန် သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။